Message Four

## နိုင်ငံတော်အတွက် ခမည်းတော်၏အလိုတော်ကို လုပ်ဆောင်ခြင်း

ဖတ်ရန်ကျမ်း။ ။ မ၊၇း၂၁-၂၃။ ဖေ၊၁၀။ ၁၂း၃၉၊ ၄၂၊ ၅၀

I. **နိုင်ငံတော်သည် ဘုရားသခင်အလိုတော်၏ အကြောင်းအရာလုံးလုံးဖြစ်ပြီး၊ ဘုရားသခင်၏ အလိုတော်ကို လုံးလုံးပြီးပြည့်စုံစေသည်၊ အမှန်စင်စစ် ဘုရားသခင်၏ နိုင်ငံတော်သည် ဘုရားသခင်၏အလိုတော်ဖြစ်သည် - မ၊၆း၁၀။**

A. နိုင်ငံတော်သားများအနေဖြင့် ကျွန်ုပ်တို့သည် ခမည်းတော်၏အလိုတော်ကို လုပ်ဆောင်ရန် မြေကြီးပေါ်တွင် ရှိနေခြင်းဖြစ်သည် - ၇း၂၁။ ၁၂း၅၀။

B. ခမည်းတော်၏အလိုတော်ကို လုပ်ဆောင်ရန်အလို့ငှာ၊ ကျွန်ုပ်တို့သည် ကျဉ်းသော တံခါးသို့ ဝင်ရန်နှင့် တင်းကျပ် ကျဉ်းမြောင်းသော လမ်းပေါ်တွင် လျှောက်လှမ်းရန် လိုအပ်သည် - ၇း၁၃-၁၄။

1. ကျဉ်းသောတံခါးတွင် လူဟောင်း၊ အတ္တ၊ အသွေးအသား၊ လူ့အယူဝါဒနှင့် လောကဘုန်းစသည့် အရာအားလုံး ပါဝင်သည်။ ဘုရားသခင်၏အလိုကို ဆောင်သောသူသာလျှင် နိုင်ငံတော်အထဲသို့ ဝင်ရောက်နိုင်သည်။
2. တင်းကျပ်ကျဉ်းမြောင်းသော လမ်းပေါ်တွင် လျှောက်နေစဉ်၊ ကျွန်ုပ်တို့သည် နက်နဲသော၊ မမြင်နိုင်သော၊ အတွင်းပိုင်းထိန်းချုပ်ခြင်းတို့အားဖြင့် တင်းကျပ်ခံရပြီး၊ ကျွန်ုပ်တို့သည် ဤထိန်းချုပ်ခြင်းအောက်တွင် အသက်ရှင်နေသည်။

II. **"သခင်၊ သခင်ဟု ငါ့ကို လျှောက်သောသူတိုင်း ကောင်းကင်များ၏နိုင်ငံတော်အထဲသို့ ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်များ၌ရှိတော်မူသော ငါ့ခမည်းတော်၏အလိုကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်" - မ၊၇း၂၁။**

A. သခင်ဘုရားကို ခေါ်ခြင်းသည် ကျွန်ုပ်တို့အတွက် ကယ်တင်ခြင်းခံရရန်အတွက် လုံလောက်သည်၊ သို့သော် ကောင်းကင်များ၏ နိုင်ငံတော်အထဲသို့ ဝင်ရောက်သွားရန် ကျွန်ုပ်တို့သည် ကောင်းကင်ဆိုင်ရာ ခမည်းတော်၏အလိုကို ဆောင်ရန်လည်းလိုအပ်သည် - ရော၊၁၀း၁၃။ ၁၂း၂။ မ၊၁၂း၅၀။ ဧ၊၅း၁၇။ ကော၊၁း၉။

B. ကောင်းကင်များ၏နိုင်ငံတော်အထဲသို့ ဝင်ရောက်ရန်မှာ ကောင်းကင်ဆိုင်ရာခမည်းတော်၏အလိုကို ဆောင်ရန် တောင်းဆိုသောကြောင့်၊ ၎င်းသည် အသစ်မွေးဖွားခြင်းဖြင့် ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရောက်ခြင်းနှင့် ကွာခြားသည် - ယော၊၃း၃၊ ၅။

1. ဘုရားသခင်၏နိုင်ငံတော်အထဲသို့ ဝင်ရန် ဝင်ပေါက်သည် ဘုရားဆိုင်ရာ အသက်၏မွေးဖွားခြင်းမှတစ်ဆင့် ဖြစ်သည် - ၁း၁၂-၁၃။ ၃း၅-၆။
2. ကောင်းကင်များ၏နိုင်ငံတော်အထဲသို့ ဝင်ရန် ဝင်ပေါက်သည် ဘုရားဆိုင်ရာအသက်၏ အသက်ရှင်ခြင်းမှတစ်ဆင့် ဖြစ်သည် - မ၊၇း၂၁။ ၁၂း၅၀။

C. သခင်ယေရှုက ပရောဖက်ပြုသူများ၊ နတ်ဆိုးနှင်ထုတ်သူများ၊ ကိုယ်တော်၏နာမ၌ အံ့ဖွယ်တန်ခိုးများကို လုပ်ဆောင်သူများအား ပြစ်တင်ဆုံးမခဲ့သည်၊ အကြောင်းမှာ "အဓမ္မအမှုကိုပြုသောသူတို့"အဖြစ် သူတို့သည် ဤအရာများကို မိမိတို့ကိုယ်တိုင်မှ လုပ်ဆောင်ကြပြီး၊ ဘုရားသခင်၏အလိုတော်ကို နာခံခြင်းထဲမှ လုပ်ဆောင်ခြင်းမဟုတ်သောကြောင့် ဖြစ်သည် - ၇း၂၃။

1. စကြဝဠာ၌ မူအလေ့အလာနှစ်ခု ရှိသည် - ဘုရားသခင့်အခွင့်အာဏာ၏ မူအလေ့အလာနှင့် စာတန်၏ပုန်ကန်ခြင်း မူအလေ့အလာ တို့ဖြစ်သည် - တ၊၁း၇။ ဟေရှာ၊၁၄း၁၃-၁၄။
2. ကျွန်ုပ်တို့သည် တစ်ဖက်တွင် ဘုရားသခင်ကို အစေခံ၍၊ နောက်အခြားတစ်ဖက်တွင် ပုန်ကန်ခြင်းနည်းလမ်းကို ယူဆောင်၍မရနိုင်ပါ။
3. ကျွန်ုပ်တို့သည် တရားမဲ့ခြင်းမူအလေ့အလာမှ လှည့်ပြန်၍၊ ပုန်ကန်ခြင်း၏နည်းလမ်းကို ငြင်းပယ်ရမည်ဖြစ်သည် - မ၊၂၈း၁၈။ ယု၊၁၁။
4. ဘုရားသခင်ကို အစေခံခြင်းမှာ ကိုယ်တော်၏အခွင့်အာဏာနှင့် တိုက်ရိုက် ဆက်နွယ်နေသည်။
5. ကျွန်ုပ်တို့သည် အခွင့်အာဏာ၏ အကြောင်းအရာကို ပြီးပြတ်စေခြင်းမရှိလျှင် ကျွန်ုပ်တို့အစေခံခြင်းနယ်ပယ်များအားလုံး၌ ပြဿနာများ ရှိလိမ့်မည်ဖြစ်သည်။

D. သခင်ဘုရားသည် ကျွန်ုပ်တို့၏အစေခံခြင်းကို ဘုရားသခင်၏အခွင့်အာဏာတော်နှင့် ခမည်းတော်၏အလိုတော်သို့ နာခံခြင်းမူအလေ့အလာ၌ စောင့်ထိန်းပေးပါစေသော - တ၊၁း၇။ မ၊၇း၁၂။ ၁၂း၅၀။